၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၈)ရက်မှ (၁၄)ရက်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



စဉ်	ပြည်နယ်နှင့် တိုင်းဒေသကြီး	ကျူးလွန်သည့် အကြိမ်ရေ	မှတ်ချက်
၁	စစ်ကိုင်း	၁၀	
၂	မကွေး	2	
၃	မွန်	၁	
၄	ရှမ်း	၁	
၅	တနင်္သာရီ	၄	
၆	မန္တလေး	၆	
၇	ရန်ကုန်	၃	
၈	ပဲခူး	၃	
၉	ကချင်	၃	
	စုစုပေါင်း	၃၃	

စက်တင်ဘာလ (၈)ရက်မှ (၁၄)ရက်အတွင်းတွင် စစ်အာဏာရှင်တပ်သားများက ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး တို့တွင် လေကြောင်း အသုံးပြု ဗုံးကြဲ တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ မန္တလေး တိုင်း ဒေသကြီးနှင့် ကချင်ပြည်နယ်တို့နှင့် ဒေသခံပြည်သူများကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခဲ့သည်။ စစ်အာဏာရှင် တပ်သားများက ကချင်ပြည်နယ် မိုးကောင်းမြို့မှ အမျိုးသမီး (၁)ဦးကို စစ်ကြောရေးတွင် ဖမ်းဆီး နှိပ်စက် သတ်ဖြတ် ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်နှင့် ကနီမြို့နယ် အပါအဝင် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်း မြို့နယ်တို့၏ မြစ်ကမ်းတလျှောက် ကျေးရွာများကို စစ်အာဏာရှင်တပ်သားများ၏ စစ်သင်္ဘောများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းများ ပြုလုပ်ခဲ့သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with infogram

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၈)ရက်မှ (၁၄)ရက်အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ



စဉ်	လူ့အခွင့်အရေး ချိုးဖောက်ခဲ့သည့် နည်းလမ်းများ	အကြိမ်ရေ	မှတ်ချက်
၁	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်သတ်ခြင်း	၈	
၂	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း	၈	
၃	လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း	၁၄	
၄	ဖမ်းဆီးခေါ်ဆောင်သွားခံရပြီးနောက် သေဆုံးခြင်း	၂	
၅	ဗုံးကြဲတိုက်ခိုက်ခြင်း	၃	
၆	ဖမ်းဆီးခံရခြင်း	၅	
၇	လူသားဒိုင်း ပြုလုပ်ခြင်း/ဓားစာခံအဖြစ် ဖမ်းဆီးခြင်း	၂	
၈	အာဏာပြ ခြိမ်းခြောက်ခြင်း/ အမိန့်ထုတ်ပြန်ကြော်ငြာခြင်း	၂	
၉	ဖမ်းဆီး ညှင်းပန်းနှိပ်စက်ခံရခြင်း	၁	
၁၀	ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီးရှို့ပျက်/ဖျက်ဆီးခြင်း	၄	
၁၁	ပြည်သူပိုင် အဆောက်အဦး/ပစ္စည်းများ ပျက်/ဖျက်ဆီးခြင်း	၂	
၁၂	လေကြောင်းအသုံးပြုခြင်း	၅	
၁၃	ရေယာဉ်ဖြင့် ပစ်ခတ်ခြင်း	၃	
၁၄	နေရပ်ဒေသ စွန့်ခွာရခြင်း	၅	
၁၅	အသက်မပြည့်သော ကလေးများ သေဆုံးခြင်း	၃	

စစ်အာဏာရှင်တပ်သားများ၏ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုများကြောင့် ပြည်သူ (၁၃)ဦးခန့် သေဆုံးခဲ့ပြီး (၁၉)ဦးကျော် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ တပတ်အတွင်း ပြည်သူ (၇၀) ကျော် ဖမ်းဆီးခံခဲ့ရသည်။ စစ်အာဏာရှင်တပ်သားများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် အသက်မပြည့်သေးသူ (၃)ဦး သေဆုံး ခဲ့ရသည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with infogram